# ARAKAN ROHINGYA NATIONAL ORGANIZATION (ARNO)

Press release, April 6, 2016

## THE 'NLD' GOVERNMENT EMBARKS ON ISLAMOPHOBIA
## No change of attitude towards Muslims

We at Arakan Rohingya National Organisation (ARNO) have strongly condemned the NLD Religious Affairs Minister Thura U Aung Ko for making an unprincipled statement that Buddhists were full citizens and the majority of Myanmar's Muslims were "associate citizens," implying that those who practice Islam are classified as partial citizens or foreigners.

U Aung Ko's comments in VOA interview on April 2 were very vindictive and injurious not only to the Muslims of the country but also to democratic society. His statement was inconsistent with international conventions, customs and practices. Not only had it rejected the long glorious history of Muslims in Myanmar but also violated the country's existing law and constitution.

No citizenship is based on religion. It is the social and legal link between individuals and their democratic political community. U Aung Ko is liable for his irresponsible comments based on racism and Islamophobia.

We, therefore, demand that the government takes action against Minister U Aung Ko with immediate clarification.

For more details, please contact:

Nurul Islam: Mob: +44-7947854652
Ko Ko Linn: Mob: +880 1726068413
Email: info@rohingya.org
www.rohingya.org

# ARAKAN ROHINGYA NATIONAL ORGANIZATION (ARNO)

## သတင်းထုတ်ပြန်ချက်

**၂၀၁၆ ခု၊ ဧပြီ (၆) ရက်။**

## NLD အစိုးရ အစ္စလာမ်မုန်းတီးရေးအပေါ် လျှောက်လှမ်းနေ

**(မူဆလင်များနှင့်ပတ်သက်၍ သဘောထား ပြောင်းလဲခြင်းမရှိ)**

**NLD** အစိုးရမှ လတ်တလော ခန့်အပ်ခဲ့သည့် သာသနာရေးဝန်ကြီး သူရ ဦးအောင်ကိုမှ ဗုဒ္ဓဘာသာဝင်များအား မြန်မာတိုင်းရင်းသားများဟု ပြောကြားခဲ့ပြီး၊ အစ္စလာမ်ဘာသာဝင်များနှင့်ပတ်သက်၍ အများစုသည် ဧည့်နိုင်ငံသားဟု ထုတ်ဖော်ပြောဆိုခြင်းသည် အစ္စလာမ်ဘာသာကို ကိုးကွယ်သူများအား နိုင်ငံသားအပြည့်အဝ မဟုတ် (သို့မဟုတ်) နိုင်ငံခြားသားများဟု အဆင့်အတန်း ခွဲခြားရာရောက်သဖြင့်၊ ယင်းကဲ့သို့ မရိုးမသား ထုတ်ဖော်ပြောဆိုမှုအပေါ် ကျွန်ုပ်တို့ **ARNO** မှ ပြင်းထန်စွာ ရှုတ်ချလိုက်ပါသည်။

ဧပြီလ (၂) ရက်နေ့က **VOA** နှင့် တွေ့ဆုံမေးမြန်းခန်း တစ်ရပ်တွင် ဦးအောင်ကို၏ ယင်းကဲ့သို့ မှတ်ချက်ပြုခြင်းသည် အလွန်ပင် အပြိုးအတေးကြီးမားပြီး၊ ယင်းအပြောအဆိုကြောင့် ပြည်တွင်း မူဆလင်များကို သာမက ဒီမိုကရေစီ အသိုင်းအဝိုင်းကိုပါ ထိခိုက်နစ်နာစေသည်။ ထို့အပြင် သူ၏ ပြောဆိုချက်သည် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်၊ အစဉ်အလာနှင့် အလေ့အကျင့်တို့ကိုပါ တန်ပြန်သက်ရောက်လျက်ရှိသည်။ ယင်းကဲ့သို့ ပြောဆိုခြင်းဖြင့် ရှည်လျား ဘုန်းပွင့်သည့် မြန်မာနိုင်ငံ မူဆလင်တို့၏ သမိုင်းကြောင်းကို ငြင်းဆန်ခြင်းမကဘဲ နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပါ ချိုးဖောက်ရာရောက်ပါသည်။

လူတစ်ဦး၏ နိုင်ငံသားဖြစ်မှုသည် ၎င်း**တို့**ကိုးကွယ်သည့် ဘာသာတရားနှင့် မသက်ဆိုင်ပါ။ ထိုကိစ္စသည် လူတစ်ဦးချင်းစီနှင့် ဒီမိုကရေစီ အုပ်ချုပ်ရေးတို့အကြား လူမှုရေးနှင့် ဥပဒေကြောင်းအရ ဆက်နွယ်မှု တရပ်ဖြစ်သည်။

ဦးအောင်ကို အနေဖြင့် လူမျိုးခွဲခြားရေးနှင့် အစ္စလာမ်မုန်းတီးရေးကို အခြေခံ၍ ယခုကဲ့သို့ တာဝန်မဲ့ပြောဆိုမှုအတွက် လုံးဝ တာဝန်ခံရန် လိုအပ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကိုအား ရှင်းလင်းချက်နှင့်အတူ အမြန်ဆုံး အရေးယူပေးရန် နိုင်ငံတော်အစိုးရအား တောင်းဆိုအပ်ပါသည်။


အသေးစိတ် သိရှိလိုပါက -

Nurul Islam: Mob: +44-7947854652
Ko Ko Linn: Mob: +880 1726068413
Email: info@rohingya.org
www.rohingya.org